ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၈ ) ၂၀၂၆ ခုနှစ် ဖွန်လ ၁၂ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များ အကြောင်း သိကောင်းစရာ | ၂ - ၄ |
| ၂။ | ကမ္ဘောဒီးယားနိုင်ငံက အွန်လိုင်းလိမ်လည်မှုများကိုဖြိုခွင်းနေသော်လည်း အွန်လိုင်း လိမ်လည်မှုများ ဖြစ်ပွားနေရသည့်အကြောင်းအား လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် Amnesty International မှ အစီရင်ခံစာ တင်သွင်းခြင်းအကြောင်း | ၅ - ၇ |
| ၃။ | သဘာဝဓာတ်ငွေ့လုပ်ငန်းတိုးချဲ့မှုအပေါ် ဥပဒေကြောင်းအရ ပြန်လည်စိစစ်သည့်အမှုတွင် ဩစတြေးလျဖက်ဒရယ်တရားရုံးက ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အထူးကျွမ်းကျင်သူအား ( UN Special Rapporteur on Human Rights and Environment ) ပထမဆုံးအကြိမ် ထွက်ဆိုခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ တင်ပြခြင်း | ၈ - ၁၀ |
| ၄။ | ပြည်ပငွေလွှဲလုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ စည်းမျဉ်းထုတ်ပြန်မှုအပေါ် လေ့လာတင်ပြခြင်း | ၁၁-၁၂ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၈)   ၂၀၂၆ ခုနှစ် ဇွန်လ ၁၂ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊နည်းဥပဒေ၊အမိန့်ကြော်ငြာစာနှင့်ညွှန်ကြားချက်များအကြောင်း သိကောင်းစရာ

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)၌ အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးလျက်ရှိသော ပြည်ထောင်စုဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များအနက် ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးက ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုချက်လျှောက်ထားခြင်းဆိုင်ရာ ညွှန်ကြားချက်နှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနသည် ၁၀-၁၁-၂၀၂၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၂၅ ဖြင့် ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးက ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုချက်လျှောက်ထားခြင်းဆိုင်ရာ ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါညွှန်ကြားချက်အား ထုတ်ပြန်ရခြင်းမှာ ကာကွယ်ရေး ဝန်ထမ်းဟောင်းတစ်ဦးဦးက ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များထိန်းသိမ်းကာကွယ်ခြင်းဥပဒေ ပုဒ်မ ၂၃(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးက ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုချက်လျှောက်ထားခြင်းဆိုင်ရာညွှန်ကြားချက်တွင် အခန်း(၆)ခန်း ပါဝင်ပြီး အခန်း(၁)တွင် အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ၊ အခန်း(၂)တွင် ခွင့်ပြုချက်လျှောက်ထားခြင်း၊ အခန်း(၃)တွင် စိစစ်ခြင်း၊ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ အခန်း(၄)တွင် သက်တမ်းတိုးလျှောက်ထားခြင်း၊ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ၊ အခန်း(၅)တွင် ခွင့်ပြုချက်ရရှိသူ၊ ပုဂ္ဂလိက

လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းလိုက်နာရမည့်တာဝန်နှင့် အခန်း(၆)တွင် အထွေထွေတို့အား ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးသည် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်လိုပါက ညွှန်ကြားချက်ပါ ပုံစံ(၁)နှင့်အတူ သက်ဆိုင်ရာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း၏တင်ပြစာ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ကာကွယ်ရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း အထောက်အထား၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်၊ ဓာတ်ပုံတို့ဖြင့် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပြီး ဝန်ကြီးဌာနမှ အပိုဒ်(၆)ပါ သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ရက်ပေါင်း ၆၀ အတွင်း ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အကြောင်းပြန်ရမည်ဟု ဖော်ပြပါရှိပါသည်။ ခွင့်ပြုချက်သက်တမ်းကာလမှာ ၃ နှစ်ဖြစ်ပြီး ဆက်လက်ဆောင်ရွက်လိုပါက ခွင့်ပြုချက်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ အတွင်း သက်တမ်းတိုးလျှောက်ထားရမည်ဖြစ်ကြောင်း၊ သတ်မှတ်ရက်အတွင်း သက်တမ်းတိုးလျှောက်ထားခြင်း မပြုပါက ခွင့်ပြုချက်သက်တမ်း စေ့ရောက်သည့်နေ့တွင် အလိုအလျောက် ပျက်ပြယ်သည်ဟု ဖော်ပြပါရှိသဖြင့် ခွင့်ပြုချက်သက်တမ်းနှင့်စပ်လျဉ်း၍ သက်တမ်းကျော်လွန်ခြင်း မရှိစေရန် ဂရုပြုရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ခွင့်ပြုချက်ရရှိထားသူ အနေဖြင့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်လိုခြင်း မရှိလျှင် ခွင့်ပြုချက်ကို ပြန်လည်အပ်နှံရမည် ဖြစ်ပါသည်။

ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့် ခွင့်ပြုချက်ရရှိသူသည် အခန်း(၅) အပိုဒ် ၁၁ ပါ ဖော်ပြချက်များအား လိုက်နာရန်တာဝန်ရှိပြီး ပျက်ကွက်ပါက ဝန်ကြီးဌာနသည် ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းနိုင်ကြောင်း၊ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူသည်လည်း အခန်း(၅) အပိုဒ် ၁၂ပါ ဖော်ပြချက်များအား လိုက်နာရန်တာဝန်ရှိပြီး ပျက်ကွက်ပါက အဆိုပါလုပ်ငန်းကို လိုအပ်သလိုအရေးယူနိုင်ရန် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီသို့ အကြောင်းကြားရမည်ဟု အထွေထွေခန်းတွင် ဖော်ပြပါရှိပါသည်။

သို့ဖြစ်ပါ၍ ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးက ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုချက်လျှောက်ထားခြင်းဆိုင်ရာညွှန်ကြားချက်နှင့်စပ်လျဉ်း၍ အသေးစိတ် လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာကြည့်ရှု နိုင်မည်ဖြစ်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

# ကမ္ဘောဒီးယားနိုင်ငံက အွန်လိုင်းလိမ်လည်မှုများကိုဖြိုခွင်းနေသော်လည်း အွန်လိုင်းလိမ်လည်မှုများ ဖြစ်ပွားနေရသည့်အကြောင်းအား လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် Amnesty International မှ အစီရင်ခံစာတင်သွင်းခြင်းအကြောင်း

ကမ္ဘောဒီးယားနိုင်ငံတွင် ကမ္ဘာလုံးဆိုင်ရာလိမ်လည်မှုပေါင်းများစွာကို သက်ဆိုင်ရာအာဏာပိုင်များက နှိမ်နင်းနေသော်လည်း အွန်လိုင်းလိမ်လည်မှုများမှာ ဖြစ်ပွားနေဆဲဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းဖြစ်သည့် Amnesty International က မေလအတွင်း အစီရင်ခံစာထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရပါသည်။လိမ်လည်မှုများပြုလုပ်နေသည့်စင်တာ ၈၆ ခုတွင် နေရာ ၂၄ နေရာကိုသာ အစိုးရကထိန်းချုပ်နိုင်ခဲ့သဖြင့် အွန်လိုင်းလိမ်လည်မှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယင်းအစီရင်ခံစာတွင် အစိုးရ၏ထိန်းချုပ်မှုများသည် ထိရောက်မှုမရှိဘဲ လွတ်မြောက်နေဆဲဖြစ်သော အွန်လိုင်းလိမ်လည်သူများသည် အာဏာပိုင်များကိုရှောင်လွဲရန် နိုင်ငံတစ်ဝန်း ထွက်ပြေးတိမ်းရှောင်နေကြောင်း သတင်းပို့ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်သူများနှင့် ရဲအရာရှိများကြား ပူးပေါင်းလိမ်လည်ကာ အကျင့်ပျက်ယွင်းခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ဖနွမ်းပင်အစိုးရဖြစ်သည့် အွန်လိုင်းလိမ်လည်မှုများတိုက်ဖျက်ရေးဝန်ကြီးက ယင်းအဆိုကို လက်မခံကြောင်း၊ မြေပြင်အခြေအနေကို နားလည်မှုလွဲမှားစွာဖြင့် တစ်ဖက်သတ်အမြင်ဖြင့် တင်ပြခြင်းဖြစ်ကြောင်း ပြန်လည်ထုတ်ပြန်ခဲ့ပါသည်။ ဤအစီရင်ခံစာသည် ရဲတပ်ဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ ဖမ်းဆီးအရေးယူခြင်း၊ ပိုင်ဆိုင်မှုများ ဖမ်းဆီးသိမ်းဆည်းခြင်းနှင့် ပြည်နယ်အနှံ့အပြားတွင် ရာဇဝတ်ဂိုဏ်းများကို ဖြိုခွင်းခြင်း အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသော ကြိုးပမ်းဆောင်ရွက်မှုများကို လျစ်လျူရှုထားခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အရှေ့တောင်အာရှသည် ကမ္ဘာလုံးဆိုင်ရာ ဆိုက်ဘာလိမ်လည်မှုနယ်ပယ်တို့၏ ဗဟိုချက်ဖြစ်လာခဲ့ကြောင်း၊ ယင်းအဖွဲ့အစည်းများသည် တရုတ်ရာဇဝတ်ဂိုဏ်းများနှင့် ထောင်နှင့်ချီသော လုပ်သားများ၊ လူကုန်ကူးခံရသူများဖြင့် လုပ်ငန်းလည်ပတ်နေခြင်းဖြစ်ပြီး ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားသည့်

အချိန်ကတည်းက ကမ္ဘောဒီးယား၊ လာအိုဖိလစ်ပိုင်နှင့် တရားဥပဒေစိုးမိုးမှုနည်းပါးသော မြန်မာ-ထိုင်း နယ်စပ်ဒေသများသို့ ပျံ့နှံ့လာခဲ့ကြကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ကမ္ဘောဒီးယားနိုင်ငံတွင် ဖမ်းဆီးရမိသော အွန်လိုင်းလိမ်လည်သည့်စင်တာမှ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ခဲ့သူများအား မေးမြန်းချက်များအရ အဆိုပါအွန်လိုင်းလိမ်လည်သူများ၏ လိမ်လည်မှုများကြောင့် ကမ္ဘာတစ်ဝန်းတွင် နစ်နာသူများမှာ အမေရိကန်ဒေါ်လာ ဘီလီယံနှင့်ချီ၍ လိမ်လည်ခြင်းခံနေရကြောင်း သိရှိခဲ့ရပါသည်။ယင်းလိမ်လည်မှုများ ပြုလုပ်နေသည့်စင်တာများအား လိုက်လံရှာဖွေဖော်ထုတ်ရန် ခက်ခဲကြောင်း၊ အဆိုပါရာဇဝတ်မှုကွန်ယက်သည် နိုင်ငံဖြတ်ကျော်ကျူးလွန်နေသော ရာဇဝတ်မှုတစ်ခုဖြစ်ပြီး ဥပဒေ၏အကျိုးသက်ရောက်မှုကို ရှောင်လွှဲရန် ပြုလုပ်နေကြခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားအစိုးရက ထုတ်ပြန်ပြောကြားခဲ့ပါသည်။

ကမ္ဘောဒီးယားနိုင်ငံနှင့် အခြားနိုင်ငံများသည် အမေရိကန်နိုင်ငံကဲ့သို့သော နိုင်ငံခြားတိုင်းပြည်အစိုးရများ၏ ဖိအားပေးမှုကိုခံနေရပြီး ၂၀၂၄ ခုနှစ်အတွင်း အမေရိကန်နိုင်ငံအနေဖြင့် အရှေ့တောင်အာရှ အွန်လိုင်းလိမ်လည်မှုများထံတွင် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံခန့် ဆုံးရှုံးခဲ့ရကြောင်း တွေ့ရှိရပါသည်။ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် နိုင်ငံပေါင်း ၁၉ နိုင်ငံမှ စွဲချက်တင်ခံထားရသည့် သံသယရှိသူ ၁,၅၀၀ ခန့် ပါဝင်နေသည်ဟု ယူဆသော ကာစီနိုလုပ်ငန်း ၂၅ ခုကို လိုင်စင်ရုပ်သိမ်းခဲ့ကြောင်း တွေ့ရှိရပါသည်။ထို့ပြင် သံသယရှိသူနိုင်ငံခြားသား ၁၉,၀၀၀ နီးပါးကို ပြည်နှင်ဒဏ်ပေးခဲ့ပြီး ၁၉၀,၀၀၀ခန့်ကို ဆန္ဒအလျောက်နိုင်ငံမှထွက်ခွာသွားစေခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ

ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားစာရင်း**

Phttps://www.bangkokpost.com/world/3267788/cambodia-scam-centres-still-operating-despite-crackdowns-says-amnesty

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၈)

၂၀၂၆ ခုနှစ် ဇွန်လ ၁၂ ရက်

## သဘာဝဓာတ်ငွေ့လုပ်ငန်း တိုးချဲ့မှုအပေါ် ဥပဒေကြောင်းအရ ပြန်လည်စိစစ်သည့်အမှုတွင် ဩစတြေးလျဖက်ဒရယ်တရားရုံးက ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အထူးကျွမ်းကျင်သူအား(UN Special Rapporteur on Human Rights and Environment) ပထမဆုံးအကြိမ် ထွက်ဆိုခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ တင်ပြခြင်း

ဩစတြေးလျနိုင်ငံ ဖက်ဒရယ်တရားရုံးက သဘာဝဓာတ်ငွေ့လုပ်ငန်းတိုးချဲ့မှုအပေါ် ဥပဒေကြောင်းအရ မှန်ကန်မှု ရှိ မရှိ ပြန်လည်သုံးသပ်သည့်အမှု(Judicial Review Case)တွင် ကုလသမဂ္ဂ အထူးကျွမ်းကျင်သူတစ်ဦး(UN Special Rapporteur)အား တရားဝင်ထွက်ဆိုခွင့်ပြုလိုက်သည့် ဖြစ်စဉ်သည် အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ဥပဒေ(International Environmental Law)ကို ပြည်တွင်းတရားစီရင်ရေးတွင် မည်ကဲ့သို့ ထိရောက်စွာ ပေါင်းစပ်ကျင့်သုံးနေမှုကို ပြသနေပြီး၊ တရားရုံးအနေဖြင့် နိုင်ငံတကာသဘာဝပတ်ဝန်းကျင်ဥပဒေနှင့်စပ်လျဉ်း၍ အကူအညီရယူရန် ကုလသမဂ္ဂကျွမ်းကျင်သူတစ်ဦးအား ပထမဆုံးအကြိမ်ခွင့်ပြုခဲ့သည့် စိတ်ဝင်စားဖွယ်ရာဖြစ်ရပ်တစ်ခု ဖြစ်ပါသည်။

အဆိုပါတရားစီရင်ရေးကိစ္စရပ်တွင် UN Special Rapporteurဖြစ်သူ Astrid Puentes Rianoက သဘာဝဓာတ်ငွေ့(LNG)လုပ်ငန်းခွင်အမှု၌ တရားရုံးတော်မှ မှန်ကန်သည့် ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် အကူအညီပေးမည့် ကြားနေအကြံပေးပုဂ္ဂိုလ်(Amicus Curiae)အဖြစ် ဩစတြေးလျတရားရုံး၌ ဆောင်ရွက်မည်ဖြစ်ပါသည်။ယင်းသို့ဆောင်ရွက်ရာတွင် ၎င်းက ဖွံ့ဖြိုးရေးစီမံကိန်းများကို ခွင့်ပြုမိန့်မချမှတ်မီ ရာသီဥတုထိခိုက်မှုဆိုင်ရာ ဆန်းစစ်ခြင်းနှင့်စပ်လျဉ်း၍ ကျင့်သုံးရမည့် နိုင်ငံတကာဥပဒေများကို တရားရုံးသို့ အကြံပြုတင်ပြသွားမည် ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်၌ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)မှ ထုတ်ပြန်ခဲ့သည့် တရားစီရင်ရေးဆိုင်ရာ အကြံပြုချက်(Advisory Opinion)တွင် နိုင်ငံများသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူစာချုပ်များတွင် လက်မှတ်ရေးထိုးထားခြင်း မရှိစေကာမူ အခြားနိုင်ငံတစ်ခု၏ ပတ်ဝန်းကျင်ကို သိသာထင်ရှားစွာ ထိခိုက်ပျက်စီးစေမည့် ဆောင်ရွက်ချက်များကို ရှောင်ရှားရန်အတွက် ထိုက်သင့်သည့် လုံ့လဝီရိယစိုက်ထုတ်ဆောင်ရွက်မှု(due diligence) ထားရှိဆောင်ရွက်ရခြင်းသည် ဓလေ့ထုံးတမ်း

ဥပဒေဆိုင်ရာ တာဝန်ရှိမှု (Customary legal obligation) ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဩစတြေးလျနိုင်ငံသည်လည်း အဆိုပါ ICJ ၏ အကြံပြုချက်ကို ၂၀၂၆ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် ထောက်ခံမဲ ပေးခဲ့ပါသည်။

ဩစတြေးလျသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဖောင်ဒေးရှင်း(ACF)က ဩစတြေးလျနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး Murray Wattသည် North West Shelf – NWS စီမံကိန်း၏ လုပ်ငန်းလည်ပတ်မှုသက်တမ်းကို တရားမဝင်ခွင့်ပြုခဲ့ကြောင်း စွပ်စွဲခဲ့ပြီး ဥပဒေကြောင်းအရ ပြန်လည်စိစစ်ရန် လျှောက်ထားခဲ့ခြင်းဖြစ်ပါသည်။ ACF ၏ ရှေ့နေများက ဝန်ကြီး Murray Watt သည် စီမံကိန်းကြောင့် Dampier ကျောက်ဆစ်ကျွန်းစု (Dampier Archipelago)အပေါ် ကျရောက်မည့် ရာသီဥတုထိခိုက်မှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုပမာဏတို့ကို လျစ်လျူရှုခဲ့ပြီး အသေအချာစိစစ်ခြင်း မရှိဘဲ စီမံကိန်းကို ခွင့်ပြုခဲ့ကြောင်းနှင့် ခွင့်ပြုချက် မရရှိသေးသော အခြားစီမံကိန်းတစ်ခု၏ စီးပွားရေးအကျိုးအမြတ်ကို အခြေခံကာ အဆိုပါစီမံကိန်းကို ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း စွပ်စွဲထောက်ပြထားပါသည်။

ထို့ပြင် "Friends of Australian Rock Art" အဖွဲ့က ဝန်ကြီး၏ခွင့်ပြုချက်သည် မူရူဂျူဂါယဉ်ကျေးမှုနယ်မြေ (Murujuga Cultural Landscape)ရှိ ရှေးဟောင်းကျောက်ဆစ်လက်ရာများအပေါ် ပြန်လည်ပြင်ဆင်၍မရနိုင်သော ပျက်စီးမှုများရှိနိုင်သည်ကို ထည့်သွင်းစဉ်းစားရန် ပျက်ကွက်ခဲ့ကြောင်း စွဲဆိုထားပါသည်။

ဝန်ကြီး Murray Watt က စီမံကိန်းသက်တမ်းကို နောက်ထပ် ၄၅ နှစ်အထိ တိုးမြှင့်ခွင့်ပြုခဲ့စဉ်က မူရူဂျူဂါ ကျောက်ဆစ်လက်ရာများနှင့်စပ်လျဉ်း၍ ရာသီဥတုထိခိုက်မှု လျှော့ချရန်အတွက် တင်းကျပ်သော စည်းကမ်းချက် ၄၈ ချက် ကန့်သတ်ချမှတ်ထားခဲ့ကြောင်း၊ အဆိုပါ စည်းကမ်းချက်များအနက် တစ်ချက်တွင် စီမံကိန်းလုပ်ငန်းခွင်အနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် လက်ရှိဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၆၀ ရာခိုင်နှုန်းအထိ လျှော့ချရန် ထည့်သွင်းခဲ့ကြောင်း၊ ယခု NWS စီမံကိန်းသည် ဩစတြေးလျနိုင်ငံ၏ အကြီးမားဆုံးသော LNG လုပ်ငန်းများထဲမှ တစ်ခုဖြစ်ပြီး ၂၀၂၄ ခုနှစ် အတွင်း၌ပင် အမေရိကန်ဒေါ်လာ

၁.၃ သန်းအထိ နိုင်ငံ့ဝင်ငွေရရှိစေခဲ့ကြောင်း ပြောကြားခဲ့ပါသည်။သို့သော်လည်း သြစတြေးလျ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဖောင်ဒေးရှင်း(ACF)က ပြုစုခဲ့သည့် အစီရင်ခံစာအရ အဆိုပါနှစ်အတွင်း မှာပင် ယင်းစီမံကိန်းမှ ကာဗွန်ထုတ်လွှတ်မှု စုစုပေါင်းပမာဏသည် သြစတြေးလျနိုင်ငံတစ်ဝန်းလုံး၏ တစ်နှစ်တာခတ်ငွေ့ထုတ်လွှတ်မှု စုစုပေါင်းပမာဏထက် ၁၃ ဆမျှ ပိုမိုမြင့်မားနေကြောင်း ဖော်ပြ ထားသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

- **JURIST News (Original Source):** Australia court admits first-ever UN environmental expert in natural gas site extension challenge (May 31, 2026) - Derren Chan | JURIST Staff.

  https://www.jurist.org/news/2026/05/australia-court-admits-first-ever-un-environmental-expert-in-natural-gas-site-extension-challenge/

## ပြည်ပငွေလွှဲလုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာစည်းမျဉ်း ထုတ်ပြန်မှုအပေါ် လေ့လာတင်ပြခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ၂၈-၄-၂၀၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၂၆ ဖြင့် ပြည်ပငွေလွှဲလုပ်ငန်းဆောင်ရွက်လိုသော မြန်မာနိုင်ငံအတွင်း ဖွဲ့စည်းတည်ထောင်သည့် ကုမ္ပဏီများ၊ ပြည်ပငွေလွှဲလုပ်ငန်း လိုင်စင်ရရှိသူများနှင့်သက်ဆိုင်သော ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာစည်းမျဉ်းကို ထုတ်ပြန်ခဲ့ပြီး ယခင်မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၉ကို ယခုအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

အမိန့်ကြော်ငြာစာ ၁၈/၂၀၂၆ တွင် အခန်း ၉ ခန်း၊ အပိုဒ် ၁ မှ အပိုဒ် ၂၆ အထိပါရှိပြီး ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်လျှောက်ထားခြင်းအတွက် သတ်မှတ်ချက်များ၊ လုပ်ငန်းအာမခံငွေ (Security Deposit)နှင့် လုပ်ငန်းတွင်းလည့်လည်သုံးစွဲငွေ(Revolving Fund)ထားရှိခြင်း၊ ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်ရရှိသူများ လိုက်နာရမည့် စည်းကမ်းချက်များ၊ လွှဲပြောင်းနိုင်သည့်ပမာဏ သတ်မှတ်ခြင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ လိုက်နာရမည့်ကိစ္စရပ်များ၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းနှင့် လိုင်စင်ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ဆက်သွယ်ဆောင်ရွက်သူအား အကာအကွယ်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ စည်းမျဉ်းများကို သတ်မှတ်ဖော်ပြထားပါသည်။

အခန်း(၂)တွင် ပြည်ပငွေလွှဲလိုင်စင်လျှောက်ထားသူသည် လိုင်စင်ရရှိရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြရမည့်အထောက်အထားများ၊ တင်ပြချက်များ၊ လုပ်ငန်းစီမံချက်များ ဖော်ပြပါရှိသည့်အပြင် ကုမ္ပဏီအနေဖြင့် ပြည်ပတွင် သွားရောက်အလုပ် လုပ်ကိုင်နေသည့် အလုပ်သမားများထံမှ ငွေလက်ခံ သို့မဟုတ် လွှဲပြောင်းပေးပို့မှုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့် အစီအစဉ်များ၊ ဆက်သွယ်ဆောင်ရွက်သူ၏ တိုင်ကြားချက်များနှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်း တင်ပြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လျှောက်လွှာအပြည့်အစုံကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း လျှောက်ထားမှုအား ငြင်းပယ်ခြင်း သို့မဟုတ်

အတည်ပြုခြင်းကို ဆုံးဖြတ်၍ ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်လျှောက်ထားသူထံ အကြောင်း ပြန်ကြားမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အခန်း(၆)၊ အပိုဒ် ၁၁ အရ ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်ရရှိသူသည် ငွေလွှဲပြောင်း ဆောင်ရွက်မှုများအား စောင့်ကြပ်ကြည့်ရှုခြင်းနှင့်စပ်လျဉ်း၍ အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့် အထက် သို့မဟုတ် ယင်းနှင့်ညီမျှသော နိုင်ငံခြားငွေပမာဏ ငွေလွှဲပြောင်းလက်ခံခြင်း၊ နိုင်ငံခြားငွေ အမျိုးအစားများစွာ လွှဲပြောင်းလက်ခံခြင်းတို့အတွက် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ရန် ပိုမိုထိရောက်သော စောင့်ကြပ်ကြည့်ရှုစစ်ဆေးသည့် အစီအစဉ်များ ထားရှိရမည်ဖြစ်ကြောင်း သတ်မှတ်ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ထို့ပြင် အခန်း(၆)၊ အပိုဒ်-၁၂(ဂ) အရ ငွေလွှဲပြောင်းပေးပို့သူနှင့် ငွေလွှဲလက်ခံမည့်သူများ၏ အမည်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ဝက်ဘ်ဆိုက်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဝက်ဘ်ဆိုက်တို့တွင် အချိန်နှင့်တစ်ပြေးညီတင်ပြထားသော အကြမ်းဖက်အဖွဲ့အစည်းနှင့် အကြမ်းဖက်သမားစာရင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သော အကြမ်းဖက်သမားနှင့် အကြမ်းဖက်အဖွဲ့အစည်းစာရင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အခါအားလျော်စွာ ဖြန့်ဝေသော ကန့်သတ်ပိတ်ပင်မှုစာရင်းများတွင် ပါဝင်ခြင်း ရှိ မရှိ တိုက်ဆိုင်စစ်ဆေးပြီး ပါဝင်ကြောင်း စစ်ဆေးတွေ့ရှိပါက ထိန်းချုပ်ထားပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေစီမံ ခန့်ခွဲမှုဌာနကြီးတို့သို့ မပျက်မကွက်သတင်းပေးပို့ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အခန်း(၆)၊ အပိုဒ်-၁၄ အရ ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်ရရှိသူသည် ငွေလွှဲလုပ်ငန်းဝန်ဆောင်မှု စတင်ဆောင်ရွက်ပေးသည့်အချိန်တွင် ဆက်သွယ်ဆောင်ရွက်သူနှင့်သက်ဆိုင်သည့် လူပုဂ္ဂိုလ်၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (Non-Governmental Organization- NGO)နှင့် အစိုးရ မဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ (International Non-Governmental Organization- INGO)၏ အချက်အလက်များကို မူရင်းသက်သေခံစာရွက်စာတမ်းများနှင့်တိုက်ဆိုင် စစ်ဆေး၍ ရယူထားရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အခန်း(၇)၊ အပိုဒ်-၁၉ အရ ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်း၍ သံသယဖြစ်ဖွယ် ဆောင်ရွက်ချက်များဆိုင်ရာ သတင်းပေးပို့ချက် (Suspicious Activity Report-SAR)၊ သံသယ ဖြစ်ဖွယ်လွှဲပြောင်းပေးပို့မှုဆိုင်ရာ သတင်းပေးပို့ချက် (Suspicious Transaction Report-STR) များကို အချိန်မီတင်ပြရန် ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀၀၀၀၀၀၀ (ကျပ်တစ်ဆယ်သန်းတိတိ) ထက်မနည်းသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အခန်း(၉)၊ အပိုဒ်- ၂၄ နှင့် ၂၅ တို့အရ ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်ရရှိသူသည် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်က အခါအားလျော်စွာ ထုတ်ပြန်သည့် ပြည်ပငွေလွှဲလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များအား လိုက်နာရမည်ဖြစ်ကြောင်း၊ ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်ရရှိသူက ဤစည်းမျဉ်းပါ အချက် များကို လိုက်နာရန် ပျက်ကွက်ခြင်း၊ သံသယဖြစ်ဖွယ်ရှိသော ဆောင်ရွက်ချက်များ သို့မဟုတ် လွှဲပြောင်းခြင်းများကို သတင်းပေးပို့ရန် ပျက်ကွက်ခြင်းများရှိပါက တည်ဆဲဥပဒေများအရ အရေးယူ ခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်ရရှိသူများအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အခါအားလျော်စွာ ထုတ်ပြန်သည့် ပြည်ပငွေလွှဲလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအား လိုက်နာရမည် ဖြစ်ကြောင်း၊ လိုက်နာရန် ပျက်ကွက်ခြင်း၊ သံသယဖြစ်ဖွယ်ရှိသော ဆောင်ရွက်ချက်များ သို့မဟုတ် လွှဲပြောင်းခြင်းများကို သတင်းပေးပို့ရန် ပျက်ကွက်ခြင်းများရှိပါက နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ အရလည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း အရေးယူခြင်းခံရမည် ဖြစ်ကြောင်း သိရှိ နိုင်ပါရန် လေ့လာတင်ပြအပ်ပါသည်။

ပြစ်မှုဆိုင်ရာအယူခံ၊ ပြင်ဆင်စိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၈) ၂၀၂၆ ခုနှစ် ဇွန်လ ၁၂ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

